# လူမှုဆက်သွယ်ရေးမီဒီယာဆိုင်ရာမူဝါဒ

**နိဒါန်း**

ယနေ့မျက်မှောက်ကမ္ဘာတွင် ကျွန်ုပ်တို့၏လုပ်ဖော်ကိုင်ဖက် အချင်းချင်းသော်လည်းကောင်း၊ Customerများ ၊ မီဒီယာများ၊ ကုမ္ပဏီ၏ အကျိုးစီးပွားနှင့်ပါဝင်ပတ်သက်သူများ၊ ပြည်သူ လူထု အကြား တွင်သော်လည်းကောင်း ဆက်သွယ်သည့်နည်းလမ်းများမှာလျှင်မြန်စွာ ပြောင်းလဲလျှက်ရှိ သည်။သို့ဖြစ်ရာ လူမှုဆက်သွယ်ရေးမီဒီယာဆိုသည်ကို ပထမဦးစွာ အဓိပ္ပါယ်ဖွင့်ရန် လိုပါသည်။ (လူမှုဆက်သွယ်ရေးမီဒီယာ ဆိုတာဘာလဲ)။ လူမှုဆက်သွယရေးမီဒီယာဆိုသည်မှာ အွန်လိုင်းမ တဆင့် ဖြန့်ဝေလိုသည့် သတင်းအချက်အလက်များ၊ ဓာတ်ပုံများ၊ ဗီဒီယိုများ၊နေရာများကို ဖြန့်ဝေ ခြင်းဖြစ်သည်။ ဥပမာ။ ။ Facebook, Instagram, Twitter, LinkedIn, YouTube, Google+, Tumblr, Foursquare, Blogger, Wordpress, Pinterest, Flickr, Reddit စသည်တို့ဖြစ်သည်။

ကမ္ဘောဇအနေဖြင့် ဤကျင့်ဝတ်ကို ရေးဆွဲရခြင်း၏ရည်ရွယ်ချက်မှာ ဝန်းထမ်းများအနေဖြင့် လူမှုဆက်သွယ်ရေးမီဒီယာများကို ကောငးစွာနားလည်သိရှိပြီး လုံခြုံစွာအသုံးပြုနိုင်ရန်နှင့် လိုအပ်သည် ထက်ပို၍ ဖြန့်ဝေခြင်းများကိုရှောင်ကြဉ်နိုင်ရနဖြစ်သည။ ဝန်ထမ်းများအနေဖြင့် ဤကျင့်ဝတ်ကိုလိုက်နာ ခြင်းဖြင့် ကမ္ဘောဇ ၏ဂုဏ်သိက္ခာကိုထိန်းသိမ်းနိုင်မည့် အပြင် မိမိကိုယ်ကို လည်း ကာကွယ်ရာရောက် မည်ဖြစ်သည်။

**အဖွဲ့အစည်း၏ လူမှုဆက်သွယ်ရေးမီဒီယာအသုံးပြုရခြင်း အဓိကမျှော်မှန်းချက်များ**

ကမ္ဘောဇ အနေဖြင့် လူမှုဆက်သွယ်ရေးမီဒီယာများသုံးခြင်းဖြင့် အောက်ပြပါစံနှုန်းများ ရရှိစေရန် ရည်ရွယ်ပါသည်။

- အများနှင့်ပူပေါင်းဆောင်ရွက်နိုင်မှု
- ရိုးသားမှု
- စိတ်အားထက်သန်မှု
- အပြန်အလှန်ယုံကြည်မှု
- ဂုဏ်သိက္ခာသမာဓိရှိမှု
- ခေါင်းဆောင်နိုင်မှု
- အာရုံစူးစိုက်နှစ်မြှုပ်ထားနိုင်မှု
- သာတူညီမျှမှု
- ရိုသေလေးစားမှု

ဤကျင့်ဝတ်၏ ရည်ရယ်ချက်မှာ ကမ္ဘောဇ ၏စံနှုန်းများ လူမှုဆက်သွယ်ရေးမီဒီယာများတွင် ပေါ်လွင်စေရန်နှင့်ထိရောက်စွာလိုက်နာကျင့်သုံးနိုင်ရန်ဖြစ်ပါသည်။ထိုသို့လိုက်နာကျင့်သုံးရာတွင်မိမိ ကိုယ်တိုင် အသုံးပြုခြင်းအပြင် ကမ္ဘောဇ ၏ကိုယ်စားလိုက်နာကျင့်သုံးခြင်းများလည်း ပါဝင်သည်။

No.615/1,PYAY ROAD, KAMAYUT TOWNSHIP, YANGON, MYANMAR. Ph: 538 075-76, 538 078-80 Fax: 538 069-71 www.kbzbank.com

ကမ္ဘောဇ ဝန်ထမ်းများအနေဖြင့်အရေးကြီးဆုံး မှတ်သားရမည့်အချက်မှာကမ္ဘောဇ သည်မြန်မာ စံနှုန်းများကိုတန်ဖိုးထားသည့်အပြင်နိုင်ငံတကာစံနှုန်းများနှင့် အညီစီးပွားရေးလုပ်ငန်းကျင့်ဝတ်များကို လိုက်နာကျင့်သုံးသည့် ကုမ္ပဏီတစ်ခုဖြစ်သည်ကို ပေါ်လွင်စေရန် တာဝန် ရှိပါသည်။ သမရိုးကျဆက်သွယ်မှု မီဒီယာများကို အသုံးပြုရာတွင်လိုက်နာရမည့် စည်းမျဉ်းများသည်လည်း အွန်လိုင်းလူမှုဆက်သွယ်ရေး မီဒီယာကိုအသုံးပြုရာ၌ သက်ရောက်မှုရှိပါသည်။ အွန်လိုင်းဆက်သွယ်မှု သည် လွယ်ကူ၊ လွတ်လပ်၊ လျှင်မြန်သည့် ဆက်သွယ်မှုဖြစ်သော်လည်း လိုက်နာရမည့် စည်းမျဉ်း စည်းကမ်း များသည်သမရိုးကျ ဆက်သွယမှုပြုရာတွင် လိုက်နာရမည့်စည်းမျဉ်းများနှင့်တန်းတူပင် ဖြစ်သည်။

ကမ္ဘောဇ အနေဖြင့် မိမိတို့၏ဝန်ထမ်းများအား လူမှုဆက်သွယ်ရေးမီဒီယာများကိုလွတ်လပ်စွာ ရှာဖွေ အသုံးပြုခွင့်ပြုပါသည်။ သို့ရာတွင် မိမိတို့၏ အသိဉာဏ်ဖြင့် စဉ်းစားချင့်ချိန်၍ အသုံးပြုရန် လိုအပ် သလို ကမ္ဘောဇ ၏စံနှုန်းများ၊ “ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်ကျင့်ဝတ်များ” ပါ ပြဋ္ဌာန်းချက်များအပြင် အခြားသက်ဆိုင်သည့် ကျင့်ဝတ်များကိုလည်း စောင့်ထိန်းရန်လိုအပ်သည်။

## လူမှုဆက်သွယ်ရေးမီဒီယာများအား ကောင်းစွာအသုံးချမှု၏အရေးပါပုံ

ကမ္ဘောဇအနေဖြင့် လူမှုဆက်သွယ်ရေးမီဒီယာများ အသုံးပြုရာတွင် မိမိတို့၏စံနှုန်းများနှင့် အညီ အသုံးပြုသကဲ့သို့ မိမိတို့၏ဝန်ထမ်းများကိုလည်း ထိုကဲ့သို့လိုက်နာအသုံးပြုရန် မျှော်လင ပါသည်။အကယ်၍ သွေဖယ်ဖောက်ဖျက်ခြင်းများ ပေါ်ပေါက်လာပါက HR Department မှ စည်းကမ်းနှင့်အညီ စီစစ်ပြီးလိုအပ်သလို ထိရောက်စွာအရေးယူမည် ဖြစ်သည်။အရေးကြီးဆုံးလိုက်နာ ရမည့်အချက်မှာ ကမ္ဘောဇ အုပ်စုအတွင်းထားရှိသည့် အလုပ်ခန့်အပ်မှုစာချုပ်နှင့် ဝန်ထမ်းများ စံထားလိုက်နာရမည့် စည်းမျဉ်းများနှင့်လျော်ညီစေရန်ဖြစ်ပါသည်။၎င်းတွင် လူမှုဆက်သွယ်မှု မီဒီယာ ကိုအသုံးပြု၍ မည်သိုဆက်သွယ်ဆောင်ရက်သည် ဟူသည့်အချက်ပါဝင်လာပါသည်။ သင့်အနေဖြင့် အခြားသူများနှင့် မည်သိုထိတွေ့ဆက်ဆံသည်၊ ကမ္ဘောဇ နှင့်ပတ်သက်၍ မည်သို့ပြောကြားသည်ဟူသည့် အချက်များသည် ကုမ္ပဏီနှင့်၎င်း၏ ဂုဏ်သတင်းကိုထိခိုက်နိုင်သည်ကို သိရှိသဘောပေါက် ရမည်ဖြစ်ပါသည်။ အလုပ်ချိန်ပြင်ပ အပါအဝင် အလုပ်ခန့်အပ်မှုစာချုပ်နှင့်ဝန်ထမ်းများ လိုက်နာ ရမည့် စည်းမျဉ်းများပါ အချက်များကိုဖောက်ဖျက်ပါကစည်းကမ်းဥပဒေအရ အရေးယူခြင်းခံ ရမည်ဖြစ်သည်။

ကမ္ဘောဇအနေဖြင့် မိမိတို့၏ဝန်ထမ်းများအား အမြဲတစေလုံခြုံမှုရှိရေးသည် အဓိကဖြစ်သည်။ သင့်အနေဖြင့် မိမိဘာလုပ်သည်၊ ဘယ်နေရာတွင် အလုပ်လုပ်နေသည်ဟူသည့်သတင်း အချက် အလက် ကိုမျှဝေပါက ကမ္ဘောဇ ၏ လုပ်ငန်းများအပေါ်နှစ်သက်မှုမရှိသူများ၊ ကမ္ဘောဇ ၏ အကျိုးကို မလိုလားသူများ၏ ဝေဖန်ပြောဆိုမှုများနှင့်ကြုံတွေ့ရနိုင်သည်ကိုသတိပြု ရန်လိုအပ်ပါသည်။သင့် အနေဖြင့် မည်သူတို့နှင့်သတင်းအချက်အလက်များဖလှယ်နေသည်၊ ထိုသို့ပြုလုပ်ခြင်း၏ နောက် ဆက်တွဲအနေဖြင့် သင်၏ကိုယ်ရေးလုံခြုံမှုကို မည်သို့မည်ပုံ ထိခိုက်လာစေနိုင်သည်ကို ကြိုတင် သိရှိထား ရန်လိုအပ်ပါသည်။

လူမှုဆက်သွယ်ရေးဆိုင်ရာမီဒီယာများအား လုပ်ငန်းသဘောအရအသုံးပြုခြင်း

အချို့သောဝန်ထမ်းများအနေဖြင့် လုပ်ငန်းသဘောအရ Customer များ၊ တာဝန်ရသူများ၊ မီဒီယာများနှင့် ဆက်ဆံရာတွင် လူမှုဆက်သွယ်ရေးမီဒီယာများကို အသုံးပြုရန် လိုအပ်ပါမည်ဆိုပါက ကဏ္ဍာ၉ ၏ "ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်ကျင့်ဝတ်များ"ပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ အခြား သက်ဆိုင်ရာ မူဝါဒများနှင့်လည်းကောင်း ညီညွတ်နေစေရန် အလွန်အရေးကြီးပါသည်။

The Creative Director နှင့် Marketing and Customer Service Department အနေဖြင့် တာဝန်ရှိဝန်ထမ်းများနှင့်အသင်းအဖွဲ့များကို ဤလူမှုဆက်သွယ်ရေးမီဒီယာများ ကောင်းစွာ အသုံးပြုနိုင်ရန်နှင့် ကာကွယ်မှုများပြုလုပ်နိုင်ရန်လေ့ကျင့်ပျိုးထောင်၍ကူညီပေးသွားမည် ဖြစ်ပါသည်။

လူမှုဆက်သွယ်ရေးမီဒီယာများကို ကိုယ်ပိုင်အချိန်တွင်အသုံးပြုခြင်း

သင်၏ကိုယ်ပိုင်အချိန်၌ လူမှုဆက်သွယ်ရေးမီဒီယာများကိုအသုံးပြုရာတွင် အောက်ဖော်ပြပါ အချက်များကို သတိပြုရန်လိုအပ်ပါသည်။

(ပြုလုပ်ရန်)

သင်၏ (identity) အမည်/အမှတ်အသားကို Privacy setting တွင်ပုံမှန်စစ်ဆေးပါ။

သင်သည် အများပြည်သူကြားတွင် ရှိနေသည်ကို သတိပြု၍ တပါးသူအား မြင်စေ၊ ကြားစေချင်သောအရာကိုသာဖော်ပြပါ။

အွန်လိုင်းအသုံးပြုသည့်အခါဝယ် မိမိ၏ဥာဏ်ဖြင့်ယှဉ်၍ အသုံးပြုပါ။

သင်မျှဝေခဲ့သောအရာများသည် အွန်လိုင်းပေါ်တွင် အမြဲတစေရှိနေမည်ဖြစ်၍ ထပ်မံဝေမျှခြင်းများဖြစ်ပေါ်နိုင်သည့်အချက်ကို သတိပြုပါ။

(မပြုလုပ်ရန်)

သင်၏တာဝန်မဟုတ်ဘဲ forums, blogs or networks များပေါ်တွင် ကမ္ဘောဇ ၏ ပြောရေးဆိုခွင့်ရှိသူကဲ့သို့ ပြုမူလုပ်ဆောင်ခြင်း

ကမ္ဘောဇ (သို့မဟုတ်) ၄င်း၏ကုန်အမှတ်တံဆိပ်၊ လုပ်ဖော်ကိုင်ဖက်များ၊ Customer များ၊ suppliers များနှင competitors များ၏ဂုဏ်သိက္ခာ ညှိုးနွမ်းထိခိုက်စေနိုင်သော အရေးအသား အပြောအဆိုများကိုပြုလုပ်ခြင်း

လျှို့ဝှက်သတင်းအချက်အလက်များကို ဖြန့်ဝေခြင်းနှင့် လုပ်ဖော်ကိုင်ဖက်အား အွန်လိုင်းပေါ်တွင် အများနှင့်ဆိုင်သည့် ဆွေးနွေးပွဲများ ဖိတ်ခေါ်ဆွေးနွေးခြင်း

လိုအပ်သည်ထက်ပို၍ ကိုယ်ရေးကိုယ်တာအကြောင်းအရာများကို တင်ပြခြင်းကြောင့် ယင်းအချက်အလက်များကို တစ်ပါးသူမှ ခိုးယူနိုင်ခြင်း (သို့မဟုတ်) သင်ရှိရာ နေရာကို အလွယ်တကူသိရှိစေခြင်း၊ ဥပမာ သင်ခရီးထွက်နေသည်ဟု ဖော်ပြလိုက် ခြင်းကြောင့် သင့်အိမ်တွင် လူမရှိသည်ကို သိစေခြင်း

ခွင့်ပြုချက်မရှိဘဲ တပါးသူ၏ အမည်ကို ဓါတ်ပုံ (သို့မဟုတ်) ဗီဒီယိုများတွင် ဖော်ပြခြင်း စသည်တို့ဖြစ်သည်။